# ဆွီဒင်နိုင်ငံ ဘာသာသာသနာပေါင်းစုံကောင်စီ၏ သဘောထားထုတ်ပြန်ချက်။

## မုန်းတီးရေးဝါဒကို ရှောင်ကြဉ်ကြပါစို့ ။

ကမ္ဘာတဝှမ်းတွင် ဘာသာရေး အမည်ခံပြီး အကြမ်းဖက်မှုများ ပေါ်ပေါက်နေပါသည်။ ဆွီဒင်နိုင်ငံတွင်လည်း ဂျူးဘာသာရေး အဆောက်အအုံ အဖွဲ့အစည်းများ ၊ ခရစ်ယာန် ဘုရားရှိခိုးကျောင်းများ ၊ ဗလီကျောင်း များတွင် မတရား ဝင်ရောက်ဖျက်ဆီး မှုများ၊ဘာသာရေးသင်္ကေတ ဝတ်စားဆင်ယင်သူများအား စော်ကားတိုက်ခိုက်ခြင်းများလည်း ကြုံတွေ့နေရပါသည်။ ဤအပြုအမူများသည် မိမိတို့ယုံကြည်ရာဘာသာကို လွတ်လပ်စွာ ယုံကြည် ထုတ်ဖော် ပြသ ကျင့်ကြံခွင့် ရှိသာ လူ့အသိုင်းအဝိုင်းတွင် လက်ခံနိုင်စရာမရှိပါ ။

ဆွီဒင်နိုင်ငံ ဘာသာသာသနာ ပေါင်းစုံကောင်စီ၏ ကိုယ်စားလှယ်ဖြစ်သော ကျွန်ုပ်တို့အနေဖြင့် ဘာသာရေးကို နာမည်ခံ ခုတုံးလုပ်ပြီး မိမိတို့ကို ပစ်မှတ် အဖြစ်သော်၄င်း သို့တည်းမဟုတ် မိမိတို့သက်ဆိုင်ရာ ဘာသာရေး လှုပ်ရှားမှုများ တွင်သော်၄င်း အကြမ်းဖက်မှု့များ၊ အမုန်းပွားမှု့များ ပေါ်ပေါက်လာပါက ဝေးစွာရှောင်ကြဉ်ကြပြီး ယဉ်ကျေးသော လူ့အသိုင်းအဝိုင်း တည်ဆောက်ရေးနှင့်၊ ဒီမိုကရေစီဖွံ့ရးတွင် တဖက်တလမ်းမှ ပါဝင်ဆောင်ရွက်ပေးနိုင်ရန် ဘာသာရေးအခန်းကဏ္ဍကို တိုးမြှင့်ဖော်ထုတ်လိုပါသည်။

- ရိုးသားပွင့်လင်း၍ တရားမျှတမှုရှိသော ၊
- လူသား အချင်းချင်း စာနာထောက်ထားမှုရှိသော ၊အများအကျိုးကို သယ်ပိုးလိုသောအချက်များသည် ၊ ဘာသာတိုင်း၏ အနှစ်သာရ ဖြစ်သည် ။

ထို့အပြင် တယောက်နှင့်တယောက် ဘာသာအယူဝါဒမတူ ကွဲပြားကြသော်လည်း လူသားတို့၏ ကောင်းကျိုးတရားကို ရည်မျှော်၍ အားထုတ်ကြရာတွင်မူ တစ်သဘောထဲရှိကြသည် ဖြစ်ရာ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို လက်ကိုင်ထားပြီး **မုန်းတီးရေး ဝါဒကို ၊ ရှောင်ကြဉ်ကြပါစို့ ။**

နိုင်ငံရေးခါင်းဆောင်များ၊ ဌါနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး၊ တရားမျှတရေးကို ကာကွယ်စောင့်ရှောက်လိုသူများအားလုံး ပါဝင်လက်တွဲကာ **မုန်းတီးရေးဝါဒကို ရှောင်ကြဉ်ကြပါစို့။**

ဤစာစုကို နိုင်ငံလုံးဆိုင်ရာဘာသာသာသနာစုံ၏ ဘာသာရေးခေါင်းဆောင် အသီးသီးတို့က ဘာသာရေးမုန်းတီးမှု၊ မူဆလင်မုန်းတီးရေးဝါဒ နှင့် ဂျူးဘာသာမုန်းတီးရေးဝါဒတို့ကိုဆန့်ကျင်ကြောင်း သဘောတူညီစွာဖြင့် စုပေါင်း လက်မှတ်ရေးထိုးထားပါသည်။

ဤ သဘောထား ကြေငြာချက်ကို ၊ လက်ဆင့်ကမ်း ဝေမျှပေးကြပါရန် ။

ဆွီဒင်နိုင်ငံ ဘာသာ သာသနာ ပေါင်းစုံကောင်စီ ။
ဒီဇင်ဘာလ ၂၂ ရက် ၂၀၁၄ ။

၁။ ကာရင်ဝီဘွန်း
( အတွင်းရေးမှူး )
ဆွီဒင် ခရစ်ယာန် ကောင်စီ ။

၂။ အန်ရေ ဂျက်ကလင်း
သင်းအုပ် ဆရာကြီး
ဆွီဒင် နိုင်ငံလုံးဆိုင်ရာ ဘုရား ရှိခိုးကျောင်း ။

၃။ အန်ဒွဲရို အာဘိုရဲလီယပ်စ်
သင်းအုပ် ဆရာကြီး
စတော့ဟုမ်း ကက်သလစ် ဖောင်ဒေးရှင်း ။

၄။ ပဲလဲ ဟွန်းမာ့ခ
ပင့်(စ်) ဘာသာရေးအဖွဲ့တာဝန်ခံ ။

၅။ ဂျီ အာဟမ်မာ့(စ်)
မန်ဒီ ဆာဘီ အဖွဲ့ ။

၆။ ဟဲလဲနာ ဟူမာစတဲန်
ဆွီဒင် မူဆလင်ကောင်စီ ။

၇။ ဒီ - ဘင်ဂျမင်အတာ့(စ်)
သင်းအုပ် ဆရာကြီး
ဆီရီးယား အော်သိုဒွေါ့(စ်) ဘုရားကျောင်း ။

၈။ မေနတ် ဂါဘာ
ဂျူးဘာသာ ဗဟို ကောင်စီ ။

၉ ။ အယ်ဗီ ဂျီရိုဗစ်(ခ်)
ဥက္ကဌ
ဆွီဒင် မူဆလင်ကောင်စီ ။

၁၀။ အော်ရန် ဝီဒဲဂရင်း
ဆွီဒင်ဗဟာအဖွဲ့အစည်း ။

၁၁။ ရပ်စပါး ဆင်း
ဆင်းလူမျိုး အဖွဲ့အစည်း ။

၁၂။ ဆုဟာဂါ ရာဂူပါသီ
ဟင်ဒူ အဖွဲ့အစည်း ။

၁၃။ ထရူဒီ ဖရက်ဒရစ်စွန်
ဥက္ကဌ
ဆွီဒင် ဗုဒ္ဓဘာသာ ပူးပေါင်း ဆောင်ရွက်ရေး ကောင်စီ ။

၁၄။ အရှင်ဓမ္မရတန
ဒု ဥက္ကဌ
ဆွီဒင် ဗုဒ္ဓဘာသာ ပူးပေါင်းဆောင်ရွက်ရေး ကောင်စီ ။